# တရုတ်နိုင်ငံ၊ နန်နင်းမြို့တွင် ကျင်းပသည့် တရုတ်-အာဆီယံစာရင်းအင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ၂၀၂၅ သို့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော် ဦးဆောင်သည့် ကိုယ်စားလှယ် (၃) ဦး တက်ရောက်ခြင်း

တရုတ်နိုင်ငံ၊ နန်နင်းမြို့တွင် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပသည့် တရုတ်-အာဆီယံ စာရင်းအင်းပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ၂၀၂၅ သို့ ဗဟိုစာရင်းအင်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော် ဦးဆောင်သော အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အဆိုပါဖိုရမ်သို့ အာဆီယံအတွင်းရေးမှူးရုံး၊ အာဆီယံနိုင်ငံများမှ စာရင်းအင်းပညာရှင်များ၊ တရုတ်နိုင်ငံ အမျိုးသားစာရင်းအင်းဗျူရို၊ ကွမ်ရှီးကျွမ့် (Guangxi Zhuang) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ စာရင်းအင်းဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

အဆိုပါဖိုရမ်သည် စာရင်းအင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုမှတစ်ဆင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်၊ လက်တွေ့လုပ်ငန်းအတွေ့အကြုံများကို မျှဝေရန်နှင့် တရုတ်-အာဆီယံနိုင်ငံများအကြား စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေရန် ရည်ရွယ်ပါသည်။

ဖိုရမ်သို့ တက်ရောက်ခြင်းဖြင့် တရုတ်-အာဆီယံနိုင်ငံများအကြား စာရင်းအင်းဖလှယ်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုအတွက် ဆက်သွယ်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေခြင်း၊ အတွေ့အကြုံများ ဖလှယ်နိုင်ခြင်း၊ အနာဂတ်တွင် တရုတ်-အာဆီယံဆက်ဆံရေးပိုမိုခိုင်မာအားကောင်းလာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည် ဖြစ်ပါသည်။

(သတင်းစဉ်)